# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
# လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)
# National Community Driven Development Project



ကရင်ပြည်နယ်၊ကော့ကရိတ်မြို့နယ်၊ ကျုံဘိုင်းကျေးရွာအုပ်စု

နိုင်းခလောင်ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်

၂၀၂၀ပြည့်နှစ်

# မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| ၁။ | ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ |
| ၂။ | ကျေးရွာအုပ်စုအခြေပြမြေပုံ |
| ၃။ | ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ |
| ၄။ | ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ |
| | ၄.၁။ကျေးရွာသမိုင်းကြောင်း။ |
| | ၄.၂။ကျေးရွာရှိအိမ်ခြေအိမ်ထောင်းစုနှင့်လူဦးရေ။ |
| | ၄.၃။တိုင်းရင်းသားလူမျိုးစုများဦးရေ |
| | ၄.၄။ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက် |
| | ၄.၅။အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ |
| | ၄.၆။အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။ |
| | ၄.၇။ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။ |
| | ၄.၈။အခြားသတင်းအချက်အလက်များ။ |
| ၅။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ |
| | ၆.၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map) |
| | ၆.၂။ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar) |
| | ၆.၃။ဥစ္စာနေကြွယ်ဝမှုအဆင့် (Wealth Ranking) |
| | ၆.၄။ပင့်ကူအိမ် (ကျား–မရေးရာ) (Spider Diagram) |
| | ၆.၅။ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping) |


| | |
|---|---|
| | ၆.၆။အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram) |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း။ |
| ၈။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။ |
| ၉။ | ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။ |
| ၁၀။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၁ (PC – 1) |
| ၁၁။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၂ (PC – 2) |
| ၁၂။ | ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ-၃ (PC – 3) |
| ၁၃။ | ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ |
| ၁၄။ | ကဏ္ဍာအလိုက်အနှစ်ချုပ်ဇယား |

## ၁။ ကော့ကရိတ်မြို့နယ်အခြေပြမြေပုံ

### ကော့ကရိတ်မြို့နယ် အခြေပြမြေပုံ



## ၂။ ကျေးရွာအုပ်စုအခြေပြမြေပုံ (ကျုံဘိုင်းကျေးရွာအုပ်စု)




## ၃။ ကျေးရွာအုပ်စုအတွင်းပါဝင်သောကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | သုံးအိမ်စု | ၄၃ | ၁၄၅ | ၁၆၁ | ၃၀၆ |
| ၂ | ကော့ဝါးဘို | ၅၆ | ၂၀၈ | ၂၄၉ | ၄၅၇ |
| ၃ | ကော့သာဆူး | ၇၆ | ၂၉၉ | ၂၈၉ | ၅၈၈ |
| ၄ | ညောင်ကုန်း | ၂၇ | ၈၆ | ၈၆ | ၁၇၂ |
| ၅ | နောင်လီ | ၁၀၂ | ၃၅၆ | ၃၉၇ | ၇၅၃ |
| ၆ | နိုင်းခလောင် | ၁၄၅ | ၅၁၄ | ၅၀၈ | ၁၀၂၂ |
| ၇ | ကော့ဒိုင် | ၈၈ | ၃၁၅ | ၃၂၉ | ၆၄၄ |
| ၈ | ကော့ဒေးချိန် | ၁၆၁ | ၅၅၀ | ၅၅၆ | ၁၁၀၆ |
| ၉ | ကြာအင်းစု | ၁၂၃ | ၄၉၂ | ၄၈၇ | ၉၇၉ |

## ၄။ ကျေးရွာသမိုင်းကြောင်းနှင့်ကျေးရွာအခြေခံအချက်အလက်များ

### ၄.၁။ ကျေးရွာသမိုင်းကြောင်း။

နိုင်းခလောင်းကျေးရွာသည်ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်မြောက်ဘက်တွင် တည်ရှိပါသည်။ ကျုံဘိုင်းကျေးရွာအုပ်စု ( ၉ ) ရွာရှိပါသည်။ ၎င်း( ၉ ) ရွာအထဲတွင် နိုင်းခလောင်ကျေးရွာသည် အုပ်စုရွာတစ်ရွာ ဖြစ်ပါသည်။ နိုင်းခလောင်ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း (၄၀၀) ဝန်းကျင်ခန့်မှစ၍ တည်ရှိခဲ့ပါသည်။ (၁.၅) စတုရန်းမိုင်ခန့် ကျယ်ဝန်းပါသည်။ နယ်နိမိတ်ပုံသဏ္ဍန်မှာ ဘဲဥပုံသဏ္ဍန်ရှိပါသည်။ ကုန်းပေါ်တွင် ဘုန်းကြီးကျောင်း၊ စေတီ၊ စာသင်ကျောင်းများရှိပြီး ရွာ၏ဆင်ခြေဖုံးတွင် လယ်ကွက်များနှင့် အင်းများရှိပါသည်။ ယခင်က အနိုင်းများ အများပြားရှိ၍ အနိုင်းပင်နှင့်ကျုံဘိုင်းတောင်ကိုအစွဲပြုကာ ကရင်ခေါ်(ဏါင်းခုံင့်) ဗမာခေါ် (နိုင်းခလောင်)ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။

နိုင်းခလောင်ကျေးရွာတွင် လွန်ခဲ့သောနှစ်ပေါင်း (၄၀၀) ခန့်က ပိုးကရင်လူမျိုး ဗုဒ္ဓဘာသာဝင်များ နေထိုင်ကြပါသည်။ အိမ်ထောင်စု (၁၁၉)၊ အိမ်ခြေ (၁၀၅)၊ ကျား (၅၆၉)၊ မ (၃၆၆) စုစုပေါင်း ( ၉၃၅) ရှိပါသည်။

ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပြီး လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ဝန်ကျင်ခန့်က ရွာသူရွာသားများနှင့် ဆရာတော်တို့ ဘုန်းကြီးကျောင်းနှင့် စေတီပုထိုးတို့ကို စတင်တည်ထောင်ကိုးကွယ်ပြီး ယနေ့တိုင် ထင်ရှားစွာတည်ရှိနေပါသည်။ ယခုအခါ ဆရာတော်နှင့် ဒါယိကာ၊ ဒါယိကာမများမှ ကျောင်းဆောင်သစ်များကို ပြန်လည်တည်ဆောက်ပြီး ဗုဒ္ဓဘာသာထွန်းကားရေးအတွက် ကြိုးပမ်းလျက်ရှိပါသည်။

ယခင်အခက်အခဲများစွာရှိသော်လည်းလွန်ခဲ့သော(၃)နှစ်ခန့်က(န.တ.လ) အကူအညီဖြင့် လမ်းဥက္ကဌ ဦးတင်လှနှင့် ဗျက္ကသီဟဘုရားတောင်ဆရာတော် ဦးဇင်းညာဏတို့ဦးဆောင်ပြီး ကတ္တရာလမ်းများ မြေနီလမ်းများဖြင့် ချောမွေ့လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်ခဲ့ပါသည်။

အသက်မွေးဝမ်းကြောင်းအနေဖြင့် လယ်ယာခြံလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြသည်။ ယခင်လက်မှုလယ်ယာအဖြစ်မှ စက်မှုလယ်ယာအဖြစ် တိုးတက်လုပ်ကိုင်လာကြပါသည်။ ဆန်စက်၊ သစ်စက်၊ ကွန်ကရစ်လုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုမှာ အရန်သားဖွားသာရှိ၍ တစ်လနှစ်ကြိမ်(RC)ဆေးခန်းမှ ဆရာ/ဆရာမများက ကာကွယ်ဆေးထိုးနှံခြင်း၊ ကီလိုချိန်ခြင်းများ လာရောက်ကူညီပေးလျက်ရှိပါသည်။ အရေးပေါ်ကိစ္စများ မွေးလူနာများပေါ်လာလျှင် (RC) ဆေးခန်းရှိရာ ကျုံဘိုင်း

ကော့ဒေးဆိုင်များသို့ သွားရောက်ကုသခြင်းများ ပြုလုပ်ရပါသည်။

ပညာရေးအခြေအနေကိုကြည့်ပါလျှင် လွန်ခဲ့သော ၁၉၇၀ ခုနှစ်တွင် မူလတန်းကျောင်းကို စတင်တည်ဆောက်ခဲ့ပါသည်။ ၎င်းကျောင်းဟောင်းသည် ပျက်စီးနေပါသဖြင့် (၂၀၀၇) တွင် အသစ်ပြန်လည်တည်ဆောက်ခဲ့ပြီး ၂၀၀၈တွင် ပြန်လည်စတင်ဖွင့်လှစ်ခဲ့သည်။ ကျောင်းဆောင်သစ်နှင့်အတူ ကျောင်းသားကျောင်းသူများ ပညာသင်ကြားခွင့် အဆင်ပြေလာ၍ ပညာရေးအဆင့်အတန်းများ တိုးတက်မြင့်မားလာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နိုင်းခလောင်ကျေးရွာသည် ဘာသာယဉ်ကျေးမှု၊ ကျန်းမာရေး၊ လူမှုရေးစီးပွား ရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့တွင် အထက်ဖော်ပြပါသမိုင်းကြောင်းအရ အတိုင်အတာ တစ်ခုအထိ တိုးတက်လာခဲ့ပြီး ဖြစ်ပါသည်။

၄.၂။ ကျေးရွာရှိအိမ်ခြေအိမ်ထောင်းစုနှင့်လူဦးရေ။

နိုင်းခလောင်ကျေးရွာတွင် အိမ်ထောင်စု(၁၄၅)စု ရှိပါသည်။ ကျေးရွာအတွင်းနေထိုင်သော လူဦးရေမှာ အမျိုးသား (၄၁၅)ဦး၊ အမျိုးသမီး (၅၀၈)ဦး၊ စုစုပေါင်း (၁၀၂၂)ဦး ရှိပါသည်။ ယခု အိမ်ထောင်စုနှင့်လူဦးရေစာရင်းမှာ ၂၀၂၀ ခုနှစ်၊ ဇွန်လတွင် ကောက်ထားသောစာရင်း ဖြစ်ပါသည်။

၄.၃။ တိုင်းရင်းသားလူမျိုးစုများဦးရေ

နိုင်းခလောင်ကျေးရွာတွင်နေထိုင်းသော တိုင်းရင်းသားလူမျိုးစုမှာ ကရင်လူမျိုး ဖြစ်ပါသည်။ ကရင်လူမျိုးအိမ်ထောင်စု (၁၄၅) စုတွင် အမျိုးသား (၄၁၅)ဦးနှင့် အမျိုးသမီး (၅၀၈)ဦး စုစုပေါင်း (၁၀၂၂)ဦး ရှိပါသည်။

၄.၄။ ထိခိုက်လွယ်သောအိမ်ထောင်စုများအရေအတွက်

နိုင်းခလောင်ကျေးရွာတွင်သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) ( ၄၅ )ဦး၊ မသန်စွမ်း ( ၂ ) ဦးတို့ ရှိပါသည်။

၄.၅။ အထောက်အပံ့ဖြစ်စေသောအဆောက်အဦးများ

နိုင်းခလောင်ကျေးရွာတွင်မူကြိုကျောင်း ( ၁ )ကျောင်း၊ မူလတန်းကျောင်း ( ၁ )ကျောင်း၊ ဘုန်းကြီးကျောင်း ( ၁ )ကျောင်း၊ စေတီတို့ ရှိပါသည်။

၄.၆။ အဓိကဝင်ငွေရ (သို့) စီးပွားရေးလုပ်ငန်းများ။

ရွာသူ/သားများ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ စိုက်ပျိုးရေး

တွင် လယ်စိုက်ပျိုးလုပ်ကိုင်သူနှင့် ဥယျာဉ်စိုက်ပျိုးသူများ ဖြစ်ပါသည်။

၄.၇။ ပိုင်ဆိုင်မှုမြေဧရိယာနှင့်သဘာဝသယံဇာတများ။

လယ်/ယာမြေ၊ ဥယျာဉ်ခြံ၊ လက်တွန်းထွန်စက်၊ ကား၊ မော်တော်ဆိုင်ကယ်၊ အသေးစား အိမ်ဆိုင်များ၊ ထော်လာဂျီ၊ အပ်ချုပ်စက်၊ စက်တပ်လှေ၊ မြက်ရိတ်စက်၊ ရေတွင်း၊ ခိုင်းနွားတို့ ရှိပါသည်။

၄.၈။ အခြားသတင်းအချက်အလက်များ။

အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ အိုးသူကြီးအဖွဲ့၊ သာရေး/နာရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ လူငယ်အဖွဲ့တို့သည် ကျေးရွာတွင်းတည်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။


ကျေးရွာပြင်ပရှိအဖွဲ့အစည်းများနှင့်ဌာနများနှင့်လည်းချိတ်ဆက်မှုရှိပါသည်။ရဲစခန်း၊လဝက၊မြေတိုင်းရုံး၊ဆေးရုံ၊ DRDတို့နှင့်ချိတ်ဆက်ပါသည်။

## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြစ်ခြင်းလုပ်ငန်းစဉ်အကျဉ်းချုပ်။


| စဉ် | အသုံးပြုသော PRA Tool | ပါဝင်ဆွေးနွေး သူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|
| | | ကျ | မ | ပ | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြ မြေပုံ | ၄၈ | ၅၂ | ၁၀၀ | စိုက်ပျိုးရေးလုပ်ငန်း၊ နိုင်ငံခြား (ထိုင်း) ရွှေ့ပြောင်းလုပ်ကိုင်သူ များခြင်း။ |
| ၂ | ရာသီခွင်ပြ – ပြက္ခဒိန် | ၄၈ | ၅၂ | ၁၀၀ | မွေးမြူရေးလုပ်ငန်း၊ ဝင်ငွေနည်း ပါးခြင်း၊ သောက်သုံးရေရှားပါး ခြင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပွဲတော်ရက်များ။ |
| ၃ | ဥစ္စာခနေကြွယ်ဝမှုအဆင့် | ၄၈ | ၅၂ | ၁၀၀ | အဆင်မပြေသော အိမ်ထောင်စု (၉)စု၊ အလုပ်အကိုင်ရှားပါးခြင်း၊ ကျန်းမာရေး၊ ပညာရေး။။ |
| ၄ | ပင့်ကူအိမ် (ကျား–မရေးရာ) | ၄၈ | ၅၂ | ၁၀၀ | ပညာတတ်မြောက်မှု၊ဝင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အ လမ်းရှားပါးခြင်း၊ အမျိုးသမီးများ ဝင်ငွေရ အလုပ်အကိုင်မရှိခြင်း၊ ကျန်းမာရေး။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၄၈ | ၅၂ | ၁၀၀ | အပ်ချုပ်စက်အမျိုးသမီးများသုံးစွဲမှုများ သည်။ လက်တွန်းထွန် စက်၊ ထော်လာဂျီ၊ မြက်ရိတ်စက်၊ စက်တပ်လှေ၊ အမျိုးသားများ သုံးစွဲမှုများသည်။ ဆိုင်ကယ်၊ ကား၊ရေတွင်း၊ဘုန်းကြီးကျောင်း၊ လယ်၊ နွားတို့ကို အမျိုးသား၊ အမျိုးသမီးတို့က သုံးစွဲကြသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | ၄၈ | ၅၂ | ၁၀၀ | ကျေးရွာတွင်းအုပ်ချုပ်ရေးအဖွဲ့မှ သြဇာလွှမ်းမိုး၊ ကျေးရွာပြင်ပ တွင် မြေတိုင်းရုံး၊ ဆေးရုံ၊ DRD ရဲစခန်း၊ လဝကတို့က လွှမ်းမိုးမှု များ သည်။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏မှတ်တမ်းဓာတ်ပုံများ

### ၆.၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ (Social and Resource Map)



## ၆.၂။ ရာသီခွင်ပြ – ပြက္ခဒိန် (Seasonal Calendar)



## ၆.၃။ ဥစ္စာဓနကြွယ်ဝမှုအဆင့် (Wealth Ranking)

### "ဥစ္စာဓနကြွယ်ဝမှုပြဇယား"

ကျေးရွာအုပ်စု- ကျုံဘိုင်း    မြို့နယ်- ကော့ကရိတ်


ကျေးရွာ - နိုင်းခလောင်    ရက်စွဲ- 8.6.2020

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အိမ်ထောင်စု | လယ် (၁၀) ဧက၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ ပျဉ်ခင်း၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ ကား၊ ဈေးရောင်း၊ လယ်၊ ဆိုင်းတော် | 60 | 41.37 % |
| အလယ်အလတ်ရှိသော အိမ်ထောင်စု | လယ် (၅) ဧက၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ် ကိုင်းတော် | 60 | 41.37 % |
| အဆင်မပြေသော အိမ်ထောင်စု | လယ် (၁) ဧက၊ ဖက်မိုး၊ သစ်တိုင်၊ ထရံကာ၊ ဆိုင်ကယ်၊ စက်ဘီး၊ ကျွဲမွေး | 16 | 11.03% |
| အလွန်အဆင်မပြေသော အိမ်ထောင်စု | ဝါးအိမ်၊ တဲအိမ်၊ စက်ဘီး၊ ရေ့စား | 9 | 6.20% |
| | | | |

ပါဝင်ဆွေးနွေးသူ = ကျား ( 48 )၊ မ ( 52 ) = 100

ဦးဆောင်ဆွေးနွေးသူ -

## ၆.၄။ ပင့်ကူအိမ် (ကျား-မရေးရာ) (Spider Diagram)



## ၆.၅။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း (Asset Mapping)

### "အရင်းအမြစ်ထိန်းချုပ်မှုပြဇယား"

ကျေးရွာအုပ်စု - ကျုံ့ဘိုင်း    မြို့နယ် - ကော့ကရိတ်


ကျေးရွာ - ဒိုင်းခလောင်    ရက်စွဲ - 8.6.2020

| စဉ် | အမျိုးအစား | ကျား | မ | ကျား+မ |
|---|---|---|---|---|
| ၁။ | ကား၊ ဆိုင်ကယ်၊ လက်တွန်းလှည်း | ✓ | | |
| ၂။ | လယ်ယာမြေ၊ ရော်ဘာခြံ | | | ✓ |
| ၃။ | သစ်တော | ✓ | | |
| ၄။ | ဝါးတော | | | ✓ |
| ၅။ | အိမ်မွေးတိရစ္ဆာန် | | | ✓ |
| ၆။ | ကျွဲ | ✓ | | |
| ၇။ | စာသင်ကျောင်း | | | ✓ |
| ၈။ | ဘုန်းကြီးကျောင်း | ✓ | | |
| ၉။ | ဆိုလာပြား | | | ✓ |
| ၁၀။ | TV၊ ဖုန်း၊ စကောင်း | | | ✓ |
| ၁၁။ | ဈေးဆိုင် | | | ✓ |
| ၁၂။ | အပ်ချုပ်စက် | | ✓ | |
| | | | | |

ပါဝင်ဆွေးနွေးသူများ - ကျား ( 48 )၊ မ ( 52 ) =100

ဦးဆောင်ဆွေးနွေးသူ -

## ၆.၆။ အဖွဲ့အစည်းချိတ်ဆက်မှု (Venn Diagram)



၇။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုသော PRA Tool တစ်ခုချင်းစီး၏ ဆွေးနွေးခြင်း နှင့် ဆန်းစစ်ခြင်း။

| စဉ် | အသုံးပြုသော PRA Tool | ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက်ရလဒ်များ |
|---|---|---|
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | -လယ်ယာ၊ ရော်ဘာလုပ်ငန်းများကို မှီခိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြသည်။<br>-အရင်းအမြစ်များမှာ လယ်ယာ၊ ရော်ဘာများ ရှိကြသည်။<br>-လွန်ခဲ့သော (၅)နှစ်တာအတွင်း သစ်တောများ ပြုန်းတီးလာကြသည်။<br>-မည်သည့်အုပ်စုများက သီးခြားနေထိုင်မှုမရှိပါ။<br>-တစ်ရွာလုံးဗုဒ္ဓဘာသာကိုးကွယ်ကြပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်သူများပြားသည်။<br>တိုးတက်ရန်လိုအပ်သော အချက်များ<br>-မူလတန်းကျောင်းနှင့် မူကြိုကျောင်းတိုးချဲ့ပြုပြင်ရန်။<br>-ဆက်သွယ်ရေးကောင်းမွန်ရန်(လမ်း)။<br>-လျှပ်စစ်မီးမျှးရရှိရန်။<br>-သောက်ရေ/သုံးရေးအတွက် အဝီစိတွင်းများ ရရှိရန်။ |
| ၂ | ရာသီခွင်ပြ – ပြက္ကဒိန် | -လယ်ယာ၊ ဈေးရောင်း၊ ဈေးဝယ်ကို အဓိကလုပ်ကိုင်ကြသည်။ အခြားဝင်ငွေလုပ်ငန်းမှာ မွေးမြူရေးလုပ်ငန်းလည်း အနည်းငယ်လုပ်ကိုင်ကြသည်။<br>-(ဝင်ငွေ)လယ်လုပ်ငန်း-၅၀၀၀ကျပ် အမျိုးသား/သမီးရရှိ။<br>-ထွက်ငွေအနေဖြင့် လယ်ယာပိုင်ရှင်များအတွက် စိုက်ပျိုးရေးအလုပ်သမား ငှားရမ်းခြင်း |

| | | |
|---|---|---|
| | | ကြောင့် ထွက်ငွေများခြင်း။<br>-ရာသီဥတုဖောက်ပြန်ခြင်းကြောင့် တောင်ကျရေနှင့်မြစ်ရေမိုးရာသီတွင် ရေကြီးရေလျှံဖြစ်ပေါ်ခြင်း၊ လျှပ်စီးပစ်ခြင်း၊ နွေရာသီတွင် တောမီးလောင်ခြင်းတို့ ဖြစ်ပေါ်လျှက်ရှိ။<br>-ဝင်ငွေမလုံလောက်သည့်အတွက် ပြည်ပနိုင်ငံသို့ သွားရောက်၍အလုပ်လုပ်ကိုင်ကြသည်များပြားသည်။<br>-အမျိုးသမီးအသက်မွေးဝမ်းကြောင်းအတွက် ကောက်ရိတ်၊ ကောက်စိုက်၊ ပျိုးကျဲအလုပ်ကိုလုပ်ကိုင်ကြသည်။<br>-လယ်ယာလုပ်ငန်းတွင် အမျိုးသား/သမီးလုပ်အားခတန်းတူရရှိခဲ့သော်လည်း တစ်ခြားအလုပ်များတွင် ဝင်ငွေတန်းတူညီမျှ မရရှိခဲ့ပေ။<br>-အားလပ်ချိန်တွင် ဝင်ငွေရရှိစေရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအတွက် သီးပင်စားပင်စိုက်ပျိုးပြီးရောင်းချကြသည်။<br>-အမျိုးသားများမှ တာဝန်ခွဲယူမှုနှင့် ကျား/မရေးရာသိမြင်လက်ခံလာအောင် ပြောပြဆွေးနွေး။<br>-တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းတွေးနွေး။ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် | -အလွန်အဆင်မပြေရခြင်းအကြောင်းအရင်းမှာ နေ့စားအလုပ်သမားများဖြစ်ကြပြီး၊ ဝါးအိမ်၊ တဲ၊ စက်ဘီး၊ အသေးစားလုပ်ငန်းပိုင်ဆိုင်မှုမျှသာရှိသဖြင့် အဆင်မပြေသောအိမ်ထောင်စုမှာလည်း အနည်းငယ်၊ ဖက်မိုး၊ သစ်တိုင်၊ ထရံကာ၊ စက်ဘီး၊ ကျဘမ်း စသည်တို့ကို ပိုင်ဆိုင်လုပ်ကိုင်ကြသည်။ ဝင်ငွေရရှိမှုနည်းပါးသည့်အတွက် ကလေးငယ်များအား ကျောင်းပြီးဆုံး |

| | | |
|---|---|---|
| | | သည်အထိ မတက်ရောက်နိုင်ခြင်း။<br>-အစီအစဉ်ရေးဆွဲရာတွင်ဆင်းရဲနွမ်းပါးသူများ၏အားလပ်ချိန်တွင် အစီအစဉ်ရေးဆွဲပြီး သူတို့တင်ပြသော လိုအပ်ချက်များကို အလေးထား စဉ်းစားပေးခြင်း။<br>-စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရာတွင် လုပ်အားခရရှိပြီးဝင်ငွေရရှိအောင်ဆောင် ရွက်နိုင်။<br>-စာသင်ကျောင်းဆောက်လုပ်တိုးချဲ့ခြင်းဖြင့် ကျေးရွာရှိ အဆင်မပြေသည့် ကလေးသူငယ်များကို ကိုယ့်ရွာကိုယ့်ဒေသတွင် တက်ရောက်နိုင်မည်။ |
| ၄ | ပင့်ကူအိမ် (ကျား-မရေးရာ) | -ဦးဆောင်နိုင်မှုနှင့် ပူးပေါင်းပါဝင်မှုတွင် အမျိုးသား/သမီးတန်းတူရှိပြီး အလုပ်အကိုင်အခွင့်အလမ်း၊ လုံခြုံမှုနှင့် ပညာတတ်မြောက်မှုတွင် အမျိုးသမီးများအားနည်းသည်။<br>-ဆုံးဖြတ်ချက်ချနိုင်မှု၊ ကျန်းမာရေးလက်လှမ်းမီမှုတို့တွင် အမျိုးသား/သမိး အနည်းငယ်ကွာဟမှုသာရှိသည်။<br>-ကျေးရွာအတွင်း အမျိုးသမီးသီးသန့်အသိပညာရေး ဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် လက်တွဲခေါ်ခြင်းဖြင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ပါသည်။ |
| ၅ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | -အပ်ချုပ်စက်<br>-အမျိုးသမီးများ အသုံးပြု/ကိုယ်တိုင်ထိန်းချုပ်<br>-လက်တွန်းထွေလာ၊ သစ်စက်၊ ကျွဲတို့ကို အမျိုးသားများ အသုံးပြု/ကိုယ်တိုင်ထိန်းချုပ်။<br>-ကား၊ ဆိုင်ကယ်၊ လယ်ယာမြေ၊ ရော်ဘာခြံ၊ |

| | | |
|---|---|---|
| | | စာသင်ကျောင်းတို့ကို အမျိုးသား/သမီး ပူးတွဲအသုံးပြု။<br>-ကား၊ ဆိုင်ကယ်၊ စာသင်ကျောင်းတို့ကို အမျိုးသားများ ထိန်းချုပ်ပြီး လယ်ယာမြေ၊ ရော်ဘာခြံတို့ကို အမျိုးသား/သမီး ပူးတွဲထိန်းချုပ်။<br>-အမျိုးသမီးများအားအရင်းအမြစ်များ ပိုင်ဆိုင်ထိန်းချုပ်ရာတွင် အမျိုးသားများနှင့်တန်းတူ အခွင့်အရေးပေးခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ညှိနှိုင်းဆွေးနွေးစေခြင်းဖြင့် အရင်းအမြစ်များကို ပူးတွဲပိုင်ဆိုင်နိုင်ပါသည်။ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်မှု | -စာရင်းထဲတွင် မည်သည့်အဖွဲ့များ မကျန်တော့ပါ။<br>-လူငယ်အဖွဲ့၊ အိုးသူကြီး၊ မိန်းမကြီးအဖွဲ့၊ ဂေါပကအဖွဲ့များမှာ ရွာ၏ သာရေး/နာရေးနှင့် ဘာသာရေးတို့တွင် အဓိကပါဝင်သည်။<br>-အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ မိန်းမကြီးအဖွဲ့များသည် အမျိုးသမီးအဖွဲ့များဖြစ်ကြသည်။<br>-ကျောင်းကော်မတီ၊ အမျိုးသမီးရေးရာ၊ ကျန်းမာရေးအဖွဲ့များသည် အမျိုသားနှင့် အမျိုးသမီးများ ပူးပေါင်းပါဝင်ကာ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေရရှိရေးတို့ကို အဓိက ဆောင်ရွက်သည်။<br>-ဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုတွင် ကျေးရွာခေါင်းဆောင်များသည် အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဦးဆောင်သည်။<br>-အုပ်ချုပ်ရေးမှူးအဖွဲ့သည် ရဲစခန်း၊ လ.ဝ.က ရုံး၊ ပညာရေးမှူးရုံး၊ ကျေးလက်ဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို ဆက်သွယ်ဆောင်ရွက်သည်။ |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။





## ၉။ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့၏အဖွဲ့ဝင်များစာရင်း။

| စဉ် | အမည် | ကျား | မ | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးစောကျော်ထူးလေး | ✓ | | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ(ဥက္ကဌ) | |
| ၂ | ဒေါ်နန်းသန်းမြင့်အေး | | ✓ | ။ | |
| ၃ | ဦးစောရွှေဘ | ✓ | | ဝယ်ယူရေး(ခေါင်းဆောင်) | |
| ၄ | ဒေါ်ခက်ဝေထွန်း | | ✓ | ဝယ်ယူရေး(အဖွဲ့ဝင်) | |
| ၅ | ဒေါ်နန်းတိုင်းမြင့်ရီ | ✓ | | ။ | |
| ၆ | ဒေါ်မစန္ဒာ | | ✓ | ကျေးရွာစာရင်းကိုင် | |
| ၇ | ဦးလှစိန် | ✓ | | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(ခေါင်းဆောင်) | |
| ၈ | ဒေါ်တင်မြ | | ✓ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ(အဖွဲ့ဝင်) | |
| ၉ | ဦးကျော်ဇောဝင်း | ✓ | | ။ | |
| ၁၀ | ဦးမျိုးသန်း | ✓ | | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ(ခေါင်းဆောင်) | |
| ၁၁ | ဒေါ်မလှရီ | | ✓ | လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းခြင်းဆပ်ကော်မတီ(အဖွဲ့ဝင်) | |
| ၁၂ | ဒေါ်တင်တင်နန်း | | ✓ | ။ | |
| ၁၃ | ဦးကျော်သဝေါ် | ✓ | | ဝေဖန်အကြံပြုကိုယ်စလှယ် | |
| ၁၄ | ဒေါ်မြစီ | | ✓ | ။ | |
| ၁၅ | ဦးစောစိန်ညွန့် | ✓ | | ကျေးရွာစေတနာ့ဝန်ထမ်း | |
| ၁၆ | ဒေါ်မအေးဝင်း | | ✓ | ။ | |
| ၁၇ | ဒေါ်မအေးသီ | | ✓ | ။ | |

## ၁၀။ ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ–၁ (PC – 1)

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင်အမည်<br>ဦးသာအိ | ကျေးရွာခေါင်းဆောင်<br>ဖုန်းနံပါတ် ၀၉၇၆၀၇၉၃၅၀၄ | လူထုစည်းရုံးရေးမှူးအမည်<br>မန်းမျိုးမင်းသန်း |

| | | | |
|---|---|---|---|
| ပြည်နယ် –<br>ကရင် | မြို့နယ် –<br>ကော့ကရိတ် | ကျေးရွာအုပ်စု –<br>ကျုံဘိုင်း | ကျေးရွာ – နိုင်းခလောင် |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့် ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၁၄၅ | ဗုဒ္ဓ | ၁၄၅ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |

| အကြောင်းအရာ | အရေအတွက် |
|---|---|
| မသန်စွမ်း | ၂ |
| သက်ကြီးရွယ်အို (၆၅နှစ်နှင့်အထက်) | ၄၅ |
| စစ်ဘေးရှောင် | – |

| လူဦးရေ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | စုစုပေါင်း အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)…………………… | ၅၁၄ | ၅၀၈ | ၁၀၂၂ |
| လူမျိုးစု (၂)…………………… | | | |
| လူမျိုးစု (၃)…………………… | | | |
| လူမျိုးစု (၄)…………………… | | | |
| အခြား ………………………… | | | |
| အိမ်ထောင်ဦးစီး | ၁၁၅ | ၃၀ | ၁၄၅ |

### ခ။ အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှန်ခြစ် | ကျန်းမာရေး | အမှန်ခြစ် | ဘာသာရေးအဆောက်အအုံများ | အမှန်ခြစ် |
|---|---|---|---|---|---|
| အထက်တန်း | | ဆေးရုံ | | စေတီ | ✓ |
| အလယ်တန်း | | ကျန်းမာရေးဌာန | | ဘုန်းကြီးကျောင်း | ✓ |
| မူလတန်း | ✓ | ကျန်းမာရေးဌာနခွဲ | | ဟိန္ဒူဘုရားကျောင်း | |
| မူကြို | ✓ | ဆေးပေးခန်း | | ခရစ်ယာန်ဘုရားကျောင်း | |
| အခြား | | အခြား | | ဗလီ | |
| မှတ်ချက် | | မှတ်ချက် | | အခြား | |
| | | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်းသို့အခြားမှလာရောက်)

| ပညာရေး | | | ကျန်းမာရေး | | | လက်မှုပညာ | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ | | ရွာတွင်း | ပြင်ပ |
| အထက်တန်းဆရာ/မ | | | ဆရာဝန် | | | လက်သမား | ✓ | |
| အလယ်တန်းဆရာ/မ | | | ကျန်းမာရေးမှူး | | | ပန်းရံ | ✓ | |
| မူလတန်းဆရာ/မ | ✓ | ✓ | ကျန်းမာရေးဆရာမ | | | လျှပ်စစ်ကျွမ်းကျင် | | |
| မူကြိုဆရာ/မ | ✓ | | သားဖွားဆရာမ | | | ရေပိုက်သွယ် | | |
| အခြား | | | ကျန်းမာရေးလုပ်သား | | | စက်ပြင် | ✓ | |

(ဃ) ကျေးရွာသို့ရောက်နိုင်သည့်လမ်းအခြေအနေ / အုပ်စုနှင့်ဆက်သွယ်ထားသောလမ်းအခြေအနေ

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း (circled) ကွန်ကရစ်လမ်း ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ---------------

(င) ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

၁. လူထုဗဟိုပြုစီမံကိန်းမစတင်မီကျေးရွာတွင်ဖွံ့ဖြိုးရေး စီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

၂. ရှိခဲ့လျှင်ထိုစီမံချက်ကိုမည်သည့်ခုနှစ်တွင်စတင်ခဲ့သလဲ? (----)/ မသိပါ

၃. ထိုစီမံချက်ကိုမြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့သည်/မပြုပါ/မသိပါ

(စ) ခရီးအကွာအဝေး

၁. ကျေးရွာ၏ဗဟိုမှအုပ်စုရွာသို့ခရီးမည်မျှကွာဝေးသနည်း။ ( ၁.၅ )မိုင်/မသိပါ

၂. ကျေးရွာမှအုပ်စုရွာသို့သွား/လာရာတွင်အချိန်မည်မျှကြာသနည်း။

ခြောက်သွေ့ရာသီကြာချိန် ၁၅ မိနစ် ထော်လာဂျီ၊ဆိုင်ကယ်၊ကား၊ခြေလျင်၊ စက်လှေ၊ အခြား...............

မိုးရာသီကြာချိန် ၁၅ မိနစ် ထော်လာဂျီ၊ ဆိုင်ကယ်၊ ကား၊ ခြေလျင်၊ စက်လှေ၊ အခြား................

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့သဘာဝဘေးအန္တရာယ်ကျရောက်ဖူးပါသလား?

.......မရှိပါ/ (✓) ရှိပါသည်/ ရှိလျှင်ဖော်ပြပါ(၂၀၁၃ခုနှစ်တွင် မြစ်ရေ၊ တောင်ကျရေးကြီးခြင်းကို ဝါခေါင်လတွင်ဖြစ်ပွားပါသည်။)

(ဇ) ကျေးရွာအတွင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့)ရွာသားများ ကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှဖွဲ့စည်းထားသောအဖွဲ့များရှိပါသလား?

(၁) -------------------------------- (၂) -----------------------------------

(၃) -------------------------------- (၄) -----------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD) မှမှတ်တမ်းတင်ထားခြင်း။

.........မရှိပါ။(✓)ရှိပါသည်။

## ကျေးရွာအခြေခံသတင်းအချက်အလက်ပုံစံ–၂ (PC – 2)

| | | | |
|---|---|---|---|
| စည်းရုံးရေးမှူးဝန်ထမ်းအမည် – မန်းမျိုးမင်းသန်း၊ ဦးရဲနိုင်ထွန်း | | | |
| နေ့စွဲ – ၈. ၆.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ– စက်ဝန်း၁ (..)။စက်ဝန်း၂ (..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..) | | |
| ပြည်နယ် – ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု – ကျုံဘိုင်း | ကျေးရွာ – နိုင်းခလောင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | အိမ်ထောင်စု စုစုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးစီးသည့်နေ့ | ကျား | မ | အိမ်ထောင်စု | လူမျိုးစု | | | |
| | | | | | | အရေအတွက် | အမည် | | |
| (၁) ကျေးရွာစီမံကိန်းမိတ်ဆက်အစည်းအဝေး | ၈.၆.၂၀၂၀ | ၈.၆.၂၀၂၀ | ၄၈ | ၅၂ | ၁၀၀ | ၁၀၀ | ကရင် | ၁၀၀ | ၆၈.၉၇ |
| (၂)ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၈.၆.၂၀၂၀ | ၈.၆.၂၀၂၀ | ၄၈ | ၅၂ | ၁၀၀ | ၁၀၀ | ကရင် | ၁၀၀ | ၆၈.၉၇ |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |
| | | | | | | | | | |

## ၁၂။ ကျေးရွာအခြေခံသတင်းအချက်အလက် ပုံစံ စ-၃ (PC – 3)

| စည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် – မန်းမျိုးမင်းသန်း | | | |
|---|---|---|---|
| နေ့စွဲ – ၈.၆.၂၀၂၀ | စီမံကိန်းစက်ဝန်းအမှန်ခြစ်ပါ – စက်ဝန်း၁ (..)။စက်ဝန်း၂ (..) စက်ဝန်း၃ (✓)၊စက်ဝန်း၄ (..) | | |
| ပြည်နယ် – ကရင် | မြို့နယ် – ကော့ကရိတ် | ကျေးရွာအုပ်စု – ကျုံဘိုင်း | ကျေးရွာ – နိုင်းခလောင် |

(က) အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း။ ယခုလက်ရှိအခြေအနေတွင် ကျေးရွာရှိ အဓိကအခက်အခဲအတားအဆီး မည်မျှရှိပါသနည်း။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| ကျောင်းသားဦးရေတိုးပွားလာသည်နှင့်အမျှ စာသင်ခန်းမလုံလောက်၍ ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခက်အခဲဖြစ်ခြင်း။ (မူလတန်းကျောင်းမှ အလယ်တန်းကျောင်းသို့ အဆင့်မြှင့်တင်ခြင်း) | ကျား… | မ…. | ကျား+မ ✓ |
| စာသင်ကျောင်း ရေကောင်း ရေသန့် ရရှိမှုအားနည်းခြင်းကြောင့် ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းနှင့် အထွေထွေကိစ္စရပ်များအတွက် ကျောင်းအိမ်သာနှင့်အလှမ်းဝေး၍ မိုးရာသီတွင် သွားလာဖို့အတွက် အခက်အခဲရှိခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ကျေးရွာတွင်း လျှပ်စစ်မီးမရှိခြင်းကြောင့် ကလေးငယ်များ စာပေကျက်မှတ်ရာတွင် အာရုံစူးစိုက်မှုအားနည်းခြင်းနှင့် ကျေးရွာလူထုများ ညရေး ညတာ သွားလာရာတွင် အခက်အခဲရှိခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ကျေးရွာမြေသားလမ်းမှ မိုးရာသီတွင် ဗွက်ထခြင်းတို့ကြောင့် ကျေးရွာလူထုနှင့် ကျောင်းသား/သူများ သွားလာရာတွင် အခက်အခဲရှိခြင်း။ | ကျား… | မ…. | ကျား+မ ✓ |
| ကျန်းမာရေး အရေးကြီးအရေးပေါ်ကိစ္စရပ်များ သွားလာရာတွင် လူနာတင်ယာဉ်မရှိသည့်အတွက် ဆေးရုံဆေးခန်းသို့ အချိန်မှီမရောက်ရှိခြင်း။ | ကျား… | မ…. | ကျား+မ ✓ |

| | | | |
|---|---|---|---|
| ကျေးရွာဆေးပေးခန်းမရှိသည့်အတွက် တစ်ခြားမြို့ရွာသို့ ဆေးကုသခြင်းကြောင့် အရေးကြီးအရေးပေါ်ကိစ္စရပ်များ ပေါ်လောက်လာပါက ဆေးရုံ ဆေးခန်းသို့ အချိန်မှီ မကုသ နိုင်ခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာတောင်ဘက်ခြမ်းမှာ နွေရာသီတွင် သောက်ရေ သုံး ရေမလုံလောက်သည့်အတွက် ကျေးရွာလူထုမှ အခက်အခဲ ကြုံနေရခြင်း။ | ကျား ✓ | မ.... | ကျား+မ ... |
| ကျေးရွာတွင်း အလုပ်အကိုင်ရှားပါးခြင်း၊ မိုးရာသီ၌ လယ်ယာ မြေများ ရေမြုပ်ခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအခန်းကဏ္ဍ တို့တွင် နည်းပညာသင်တန်းများ အားနည်းခြင်းကြောင့် စီးပွားရေးကြပ်တည်းလာပြီး ပြည်ပနိုင်ငံသို့သွားရောက်ပြီး အလုပ်သွားလုပ်ရခြင်း။ | ကျား... | မ.... | ကျား+မ ✓ |
| | ကျား... | မ.... | ကျား+မ ... |

(ခ) မျှော်မှန်းခြင်း – နောင်လာမည့်၅နှစ်တွင်ကျေးရွာဖွံ့ဖြိုးရေးလျာထားချက်များ

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှတင်ပြသောအခက်အခဲအတားအဆီးများ | | | |
|---|---|---|---|
| စာသင်ခန်းများလုံလောက်မှုရှိလာလျှင် ကျောင်းသား/သူများ ကောင်းမွန်စွာ ပညာသင်ကြားလာနိုင်မည်။ | ကျား... | မ.... | ကျား+မ ✓ |
| စာသင်ကျောင်းတွင် ရေကောင်းရေသန့်ရရှိပါက ကျောင်းသား / သူများ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းမှ ကင်းဝေးလာမည်။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာအတွင်းလျှပ်စစ်မီးရရှိမည်ဆိုပါက ကျောင်းသား/သူ များ<br>စာပေကျက်မှတ်ရာနှင့်ကျေးရွာလူထုများညရေး/ညတာသွား လာရာတွင်အဆင်ပြေနိုင်မည်။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာမြေသားလမ်းမှာကကွန်လမ်းဖြစ်သွားပါကဗွက်ထခြင်းလမ်းပျက်ခြင်းမှကင်းဝေးပြီးကျေးရွာလူထုနှင့်ကျောင်းသား /သူများသွားလာရာတွင်အဆင်ပြေလာမည်။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာလူနာတင်ယာဉ်ရရှိပါကဆေးရုံ/ဆေးခန်းသိုအချိန်မှီ ကုသနိုင်မည်။ | ကျား... | မ.... | ကျား+မ ✓ |

| | | | |
|---|---|---|---|
| ကျန်းမာရေးနှင့်ပတ်သက်၍ကျေးလက်ဆေးပေးခန်းရှိခဲ့လျှင် အရေးကြီး/အရေးပေါ်အနည်းငယ်ပေါ်ပေါက်လာပါကအချိန်မှီကုသနိုင်မည်။ | ကျား... | မ.... | ကျား+မ ✓ |
| ကျေးရွာတောင်ဘက်ခြမ်းတွင်အဝီစိတွင်းများရရှိမည်ဆိုပါကနွေရာသီတွင်ကျေးရွာလူထုများကြုံနေရသောသောက်ရေသုံးရေးရှားပါးခြင်းမှကင်းဝေးလာမည်။ | ကျား ✓ | မ.... | ကျား+မ ... |
| အသက်မွေးဝမ်းကြောင်းအတွက်စိုက်ပျိုးရေး/မွေးမြူးရေးနည်းပညာသင်တန်းပို့ချပေးမည်ဆိုပါကလူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိလာခြင်းနှင့်သီးနှံများအထွက်နှုန်းတိုးပြီးမိသားစုစားဝတ်နေရေးအတွက်အဆင်ပြေလာနိုင်မည်။ | ကျား... | မ.... | ကျား+မ ✓ |
| | ကျား... | မ.... | ကျား+မ ... |

(ဂ) လူထုစီမံကိန်း၏နောင်လာမည့် (၄ ) နှစ်တာအတွက် အကျိုးဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| ဦးစားပေးအဆင့်သတ်မှတ်ချက် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ | ခန့်မှန်းကုန်ကျစရိတ် ကျပ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းအရေအတွက် | | |
|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း |
| ၁ | မူလတန်းကျောင်းတိုးချဲ့ပြုပြင်ခြင်း | ကျား+မ | ပညာရေး | ၃၂၄၀၀၀၀၀ | ၅၁၄ | ၅၀၈ | ၁၀၂၂ |
| ၂ | လျှပ်စစ်မီးရရှိရေး | ။ | မီးလင်းရေး | ၈၅၀၀၀၀၀၀ | ။ | ။ | ။ |
| ၃ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ။ | လမ်းပန်းဆက်သွယ်ရေး | ၂၂၅၀၀၀၀၀ | ။ | ။ | ။ |
| ၄ | ကျောင်းအိမ်သာရရှိရေး(မူလတန်း) | ကျား | ပညာရေး | ၆၀၀၀၀၀၀ | ။ | ။ | ။ |
| ၅ | ရေသန့်စက်နှင့်ရေလှောင်ကန်ရရှိရေး | မ | ရေနှင့်သန့်ရှင်းရေး | ၇၀၀၀၀၀၀ | ။ | ။ | ။ |
| ၆ | အဝီစိတွင်းရရှိရေး | ကျား | | ၁၁၀၀၀၀၀၀ | ။ | ။ | ။ |

## (ဃ) လူထုစီမံကိန်း၏နောင်လာမည့် ( ၄ ) နှစ်အအတွက် အကျိုးမဝင်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များ။

| စဉ် | ကျေးရွာဖွံ့ဖြိုးရေးအတွက်လုပ်ငန်းအစီအစဉ်များ | အဆိုပြုသူ ကျား၊မ၊ (ကျား+မ) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျေးလက်ဆေးပေးခန်း ရရှိရေး | ကျား+မ | ကျန်းမာရေး |
| ၂ | မူလတန်းစာသင်ကျောင်းနှင့် အလယ် တန်းကျောင်းသို့ အဆင့်မြှင့်တင်ခြင်း | ကျား+မ | ပညာရေး |
| ၃ | လူနာတင်ယာဉ် ရရှိရေ | ကျား | ကျန်းမာရေး |
| ၄ | စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းပညာ သင်တန်းရရှိရေး | ကျား+မ | စိုက်ပျိုးရေး၊ မွေးမြူရေး |
| ၅ | အသက်မွေးဝမ်းကြောင်းသင်တန်း | ကျား+မ | အသက်မွေးဝမ်း ကျောင်း |

## ၁၃။ ကျေးရွာပထမနှင့်ဒုတိယအကြိမ်အစည်းအဝေးမှတ်တမ်းများ

အစည်းအဝေးခေါ်ယူသည့် ပ+ဒုကြိမ်ကျေးရွာအစည်းအဝေး

နေရာ နိုင်းခလောင် ဘုန်းကြီးကျောင်း    နေ့ရက် 3.6.2019

အချိန် 10:00AM မှ 5:00PM

ဆွေးနွေးသည့် အကြောင်းအရာ

၁။ ရှုထုပေါင်းစုံ စီမံကိန်း မိတ်ဆက် / တက်ဝန်းကျင်နှင့် အဓိကတာဝန်ရှိသူများ၏ တာဝန်များ အကြောင်း ရှင်းလင်းပြောကြားခြင်း။

၂။ ဆောင်ရွက်ဖွဲ့စည်းဖော်ထုတ်ရွေးချယ် အတည်ပြုခြင်းနှင့် ကော်မတီဝင်များအား ဖော်ထုတ်ရွေးချယ် အတည်ပြုခြင်း။

၃။ PRA Tools များအား ဖော်ထုတ်ပြုစုခြင်းနှင့် ဖော်ထုတ်တင်ပြခြင်း။

၄။ စီမံကိန်း လျာထားချက်များအား ဖော်ထုတ်ပြုစုခြင်းနှင့် ဦးစားပေးအဆင့် များသတ်မှတ်ခြင်း။

၅။ အကျုံးဝင်/မဝင်သော စီမံကိန်း လျာထားချက်များအား ဖော်ထုတ်စိစစ်ခြင်း။

| စဉ် | အစည်းအဝေးဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁။ | ရှုထုပေါင်းစုံ စီမံကိန်း မိတ်ဆက် / တက်ဝန်းကျင်နှင့် အဓိကတာဝန်ရှိသူများ၏ တာဝန်များ အကြောင်း ရှင်းလင်းပြောကြားခြင်း၊ ဆောင်ရွက်ဖွဲ့စည်းနှင့် ကော်မတီဝင်များအား ဖော်ထုတ်ရွေးချယ် အတည်ပြုခြင်း။ | ကျေးရွာအုပ်ချုပ်ရေးမှူး ကျေးရွာလူထု |
| ၂။ | PRA Tools များ ဖော်ထုတ်ပြုစုပြီးစီးခြင်းနှင့် ကျေးရွာလူထုအား ဖော်ထုတ်တင်ပြခြင်း။ | CF / TF ကျေးရွာလူထု |
| ၃။ | ပထမနှင့်ဒုတိယအကြိမ်မှ အချက်အလက်များ ပြောကြားပြီး လျာထားချက်များအား အုပ်စုဖွဲ့၍ ဦးစားပေးဆွေးနွေးခြင်း။ | CF / TF ကျေးရွာလူထု |
| ၄။ | လျာထားချက်ဆောင်ရွက်ရန် ကျေးရွာလူထုများ ပူးပေါင်းပါဝင်ပေးရန် သဘောတူညီကြသည်။ | ကျေးရွာလူထု |
| ၅။ | အကျုံးဝင်/မဝင်သော စီမံကိန်း လျာထားချက်များအား စိစစ်ခြင်းနှင့် ဖော်ထုတ်တင်ပြခြင်း။ | ကျေးရွာလူထု |
| | | |

မှတ်တမ်းတင်သူ

အမည်/ ရာထူး ခိုင်မျိုးမြင့်သော် / CF

လက်မှတ်/ရက်စွဲ [signature] / 3.6.2019

## ၁၄။ ကဏ္ဍအလိုက်အနှစ်ချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦး (လမ်း၊တံတား၊ရေရရှိရေး၊မီးလင်းရေး) | ၁ | လျှပ်စစ်မီး (ဆိုလာ) | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | | | ✓ | ။ | | |
| | ၃ | အဝီစိတွင်းရရှိရေး | ✓ | | | ။ | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| လူမှုစီးပွား (ပညာရေး၊ကျန်းမာရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ | ၁ | မူလတန်းကျောင်းတိုးချဲ့ပြုပြင်ခြင်း | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | မူလတန်းကျောင်းအိမ်သာဆောက်လုပ်ခြင်း | ✓ | | | ။ | | |
| | ၃ | မူလတန်းကျောင်းရေသန့်စက်နှင့် ရေလှောင်ကန်ရရှိရေး | | ✓ | | ။ | | |
| | ၄ | ကျေးလက်ဆေးပေးခန်း | | | ✓ | ။ | | |
| | ၅ | မူလတန်းအဆင့်မှအလယ် တန်းအဆင့်သို့ မြှင့် တင်ခြင်း | | | ✓ | ။ | | |
| အသက်မွေးဝမ်းကျောင်း (စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆိုင်သောအဆောက်အဦးနှင့်အခြားလိုအပ်ချက်များ | ၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာသင်တန်း | | | ✓ | ၂၀၁၈/၁၉/၂၀ | | |
| | ၂ | အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်း | | | ✓ | ။ | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ်လျော့ပါးရေး | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြား | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ၅ | | | | | | |